မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၇၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အခြေခံပညာကျောင်းများ၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အခမ်းအနားများကို ယနေ့တွင် အခြေခံပညာကျောင်းများအားလုံး၌ တစ်ပြိုင်နက် ကျင်းပကြသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် မန္တလေးမြို့ အမှတ်(၂၆)နှင့် အမှတ်(၂၈) အခြေခံပညာအထက်တန်းကျောင်းများနှင့် မန္တလေးပညာရေးကောလိပ်တို့သို့ သွားရောက်၍ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးသည်။ ထို့နောက် ကျောင်းအလိုက် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အရိပ်ရစားပင်၊ ရတနာတန်းဝင်နှစ်ရှည်ပင်နှင့် နှစ်တိုနှစ်ရှည်ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဟောင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ

နေပြည်တော် ဇူလိုင် ၁၁

လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဟောင်။

မစ္စတာ သွန်ဆင်းသမာဟောင်အား ၁၉၄၄ ခုနှစ် ဧပြီ ၁၂ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဝန်ထမ်းရေးရာ စီမံခန့်ခွဲမှုဆိုင်ရာ လက်မှတ်ရတစ်ဦး ဖြစ်သည်။ ၎င်းသည် အလယ်တန်းကျောင်းနှင့် တပ်မတော်ဆေးကျောင်းတွင် ပညာသင်ကြားပြီးနောက် ဟွာဖန်ပြည်နယ် စန်ယူဝါခရိုင် အလယ်တန်းကျောင်းတွင် ကျောင်းဆရာနှင့် အဆိုပါကျောင်း၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် ၁၉၆၃ ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်မှစ၍ ၎င်းသည် ကောလိပ်၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းတို့တွင် ရာထူးအမျိုးမျိုးဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၁၉၆၇ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန၌ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၏ သတင်းစာ၊ ရေဒီယိုနှင့် သတင်းကော်မတီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

တာဝန်ထမ်းဆောင်ခဲ့

၎င်းသည် ၁၉၅၉ ခုနှစ်တွင် တော်လှန်ရေးလှုပ်ရှားမှု၌ စတင်ပါဝင်ခဲ့ပြီး လာအိုပြည်သူ့တော်လှန်ရေးပါတီသို့ ၁၉၆၇ ခုနှစ်တွင် ဝင်ရောက်ခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ၎င်းသည် ပါတီဗဟိုကော်မတီ၏ အလှည့်ကျအဖွဲ့ဝင်နှင့် ဗဟိုကော်မတီလေ့ကျင့်ရေးနှင့် ဝါဒဖြန့်ချိရေးဘုတ်အဖွဲ့၏ လက်ထောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းသို့ တာဝန်မထမ်းဆောင်မီ အုပ်ချုပ်မှုဆိုင်ရာနှင့် သိမ်မွေ့နူးညံ့သည့် ပရိယာယ်အယူအဆဆိုင်ရာနှင့်ပတ်သက်သော ပညာရပ်တို့ကို လေ့လာသင်ကြားခဲ့သည်။ ၁၉၈၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ၁၉၈၉ ခုနှစ်တွင် လာအိုပြည်သူ့တော်လှန်ရေးပါတီကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်မှစတင်၍ ယခုအထိ ပါတီဗဟိုကော်မတီ၏ ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရသည်။ ၎င်းသည် ၂၀၀၂ မှ ၂၀၀၆ ခုနှစ်အထိ ဗီယင်ကျန်းမြို့တော်၏ ပါတီကော်မတီ အတွင်းရေးမှူးနှင့် မြို့တော်ဝန်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

၎င်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယအကြိမ်မြောက် ပြည်သူ့လွှတ်တော်၏ ဒုတိယဥက္ကဋ္ဌအဖြစ် ၁၉၈၉ မှ ၁၉၉၁ ခုနှစ်အထိလည်းကောင်း၊ ခေတ္တဥက္ကဋ္ဌအဖြစ် ၁၉၉၁ မှ ၁၉၉၂ ခုနှစ် အထိလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဆဋ္ဌမအကြိမ်မြောက် ပြည်သူ့လွှတ်တော်၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ခန့်အပ်

၎င်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၁၁ ခုနှစ်တွင် ခန့်အပ်ခြင်း ခံရသည်။ **(သတင်းစဉ်)**

အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အခမ်းအနားတွင် အထိမ်းအမှတ်သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ပေါင်းစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ငါးသရောက်၌ သရုပ်ပြပွဲကျင်းပ။ (စာ-၆)

ဟောလိဝုဒ်တွင် လူကြိုက်အများဆုံး ရုပ်ရှင်မင်းသမီး လိန်းဆာရီ။ (စာ-၁၂)

ဘင်ဖီကာ ဂိုးသမား မိုရီရာအား ဆွမ်ဆီး အသင်း နှစ်နှစ်စာချုပ်။ (စာ-၈)

(၄၂) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲစတင်။ (စာ-၅)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၁၁ ရက်)

ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံများ စိုက်ပါ ပျိုးပါ စားသုံးပါ

လူတို့ကျန်းမာသန်စွမ်းရေးအတွက် အစားအစာများ နေ့စဉ်ရွေးချယ်စားသုံးမှုသည်အရေးပါလှသည်။ ကျန်းမာရေးအတွက် ရောဂါများကို ကာကွယ်နိုင်သည့် ဗီတာမင်သက်စောင့်ဓာတ်များ၊ သတ္တုဓာတ်များ ပါဝင်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးများစားသုံးကြရမည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်သီးနှံများကို စိုက်ပျိုးစားသုံးခြင်းသည် ငွေကုန်သက်သာသည့်အပြင် ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ "အစာလည်းဆေး ဆေးလည်းအစာ"ဟူသောစကားအရ အစားအစာများကို အာဟာရမျှတစွာဖြင့် နေ့စဉ် ပုံမှန်စားသုံးခြင်းသည် ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆေးတစ်မျိုးဖြစ်စေသည်။

ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကိုစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းစေရန်အတွက် သဘာဝအတိုင်းစိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးသင့်ကြသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကိုစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများပါဝင်သည့် အသီးအရွက်များကို စားသုံးမိပါက ဝမ်းပျက်ခြင်း၊ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ ခေါင်းမူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်းစသည့် ကျန်းမာရေးပြဿနာများဖြစ်ပွားနိုင်သည်။ ထို့ကြောင့် အစားအသောက်မစားသုံးမီ ဟင်းသီးဟင်းရွက် အသီးအနှံများကို ရေစင်ကြယ်စွာဆေးကြောပြီးမှ စားသုံးသင့်ပေသည်။

ယခုအခါ သီးနှံများကို စီးပွားဖြစ်တွင်ကျယ်စွာ စိုက်ပျိုးလာကြသည်ဖြစ်ရာ သီးနှံဖြစ်ထွန်းရေးအတွက် ဓာတ်မြေဩဇာများကို အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြပါမှ သာလျှင် စားသုံးသူများအတွက် အန္တရာယ်ကင်းစေမည်ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး မိသားစုအတွက်ဝင်ငွေလည်းရ ဝမ်းလည်းဝစေသည့် ဟင်းသီးဟင်းရွက်များကို မိမိတို့၏ အိမ်ခြံမြေများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသုံးကြပါက အသုံးစရိတ်သက်သာပြီး ကျန်းမာရေးနှင့်လည်း ကိုက်ညီသင့်လျော်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်နှင့်အညီ
တံတားမြို့၌ မိုးစပါးစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၁၀

မျိုးကောင်း၊ မျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး၊ တစ်ဧက တင်း၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် လက်တွေ့စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ကဒပ္ပနစ်ပြကျေးရွာအုပ်စု လယ်သမားကြီး ဦးမြင့်ဌေးနှင့် ဦးမြတ်စံတို့၏ တောင်သူပညာပေးစံပြကွက်တွင် ဇူလိုင် ၈ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်မန်နေဂျာ ဦးဌေးမောင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်အောင်မင်းနှင့် တောင်သူလယ်သမားများ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် တာမွေမြို့နယ် မအူကုန်းရပ်ကွက် အမှတ် (၄၃) ၁၃၈ လမ်း မအူကုန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အတွင်းရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉-၅၁၉၆၈၂၂၊ ပြန်ကြားရေးမှူး ဦးမြင့်စိုး ဖုန်း-၂၀၀၈၉၈ နှင့် အမှုဆောင် ဦးညိုထွန်း ဖုန်း-၀၉-၅၀၄၉၂၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)



ရေသယံဇာတ ထိန်းသိမ်းရေး
သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

သာပေါင်း ဇူလိုင် ၁၀

ရေသယံဇာတ ထိန်းသိမ်းရေးနှင့် သဘာဝရေပြင်များတွင် ငါးမျိုးပြန့်ပွားစေရေးအတွက် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို သာပေါင်းမြို့နယ် တဲကြီးကုန်းရွာ သဘာဝရေပြင်၌ ဇွန် ၃၀ ရက် က ကျင်းပရာ အခမ်းအနားတွင် ပုသိမ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ငါးမြစ်ချင်း၊ ငါးခုံးမကြီး ငါးမျိုးကောင်ရေ ၄၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြသည်။ **(အပေါ်ပုံ)**

ဟောပြော

ဆက်လက်၍ ပြည်အေးခန်းမတွင် ခရိုင်ဦးစီးဌာနမှူးက ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား ရေသယံဇာတ ထိန်းသိမ်းခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ပြီး ရေသယံဇာတ ထိန်းသိမ်းရေးပညာပေး စာအုပ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပုဏ္ဏားကျွန်းမြို့နယ် ဟာဒယလမ်း လမ်းဘေးဝဲယာ ရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မျိုးဌေးနှင့်အဖွဲ့ ရေမြောင်းများတူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မောင် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

လက်ပံတန်း ဇူလိုင် ၁၀

လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ဦးဆောင်လျက် လောကမာန်အောင်ဘုရားကြီး ပရဝဏ်တွင် ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစောတင်ထွဋ်ဦးနှင့် သစ်တောဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ရတနာတန်းဝင် ကျွန်း ၄၀၀၊ ပျဉ်းကတိုး ၁၀၀၊ ယူကလစ် ၃၀၀၊ ယင်းမာ ၂၀၀၊ ယေမနေ ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဖျာပုံမြို့၌ အသိပညာပေးဟောပြော

ဖျာပုံ ဇူလိုင် ၁၀

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါက်တာတင်မောင်အေးနှင့် ဖျာပုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကြည်ကြည်သိန်းတို့က ဝက်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ

ဝင်ငွေတိုးတက်ရေးနှင့်လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပညာပေးဆောင်ရွက်

တက်ရောက်အားပေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပေါင်စနစ်ဖြင့် ပျိုးကြဲပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မိုးစပါး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် ဇကော့ဝစိုက်ခင်း၌ကျင်းပသည့် ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပေါင်စနစ်ဖြင့် ပျိုးကြဲပွဲသို့တက်ရောက်ပြီး ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်များဖြစ်သည့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ဝင်ငွေတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းမိသားစုများနှင့်အတူ ခေတ်မီသိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးကြဲပွဲ၌ ပါဝင်ပျိုးကြဲပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နံနက် ၈ နာရီတွင် တစ်ဧကလျှင် တင်း (၁၀၀)ကျော် ထွက်ရှိနိုင်သည့် နွေစပါးစိုက်ခင်း၊ တစ်ဧက တင်း(၅၀-၆၀)ထွက်ရှိနိုင်မည့် အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့် တစ်ဧက တန်(၆၀) ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းတို့ကို လေ့လာရန် ရောက်ရှိနေသော နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်း၊ ငွေခဲအင်းကျေးရွာမှ တောင်သူလယ်သမား ၅၀ ခန့်အား တွေ့ဆုံပြီး ဝန်ကြီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် လယ်ယာကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေးအတွက် ဒက္ခိဏသီရိမြို့နယ်မှ တောင်သူလယ်သမားများအား လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်ကိုင်တွယ် ထိန်းသိမ်းမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ အထွက်နှုန်းကောင်းသော အထူးအထွက်တိုး စပါးများ ဖြန့်ဝေပေးနေမှုနှင့် ပြန်လည်ဝယ်ယူမည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တစ်ဧကလျှင် တင်း(၁၀၀) ကျော် ထွက်ရှိနိုင်သည့် ပင်ပွားများ စုံလင်စွာ ထွက်ရှိပြီး အနှံများ စတင်ထွက်ရှိနေသည့် နွေစပါးစိုက်ခင်း၊ တစ်ဧက တင်း (၅၀-၆၀) ထွက်ရှိနိုင်မည့် အထူးအထွက်တိုး နေကြာစိုက်ခင်းနှင့်တစ်ဧက တန်(၆၀) ထွက်ရှိမည့် အထူးအထွက်တိုး ကြံစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းနေမှုတို့ကို လည်းကောင်း၊ ဆီထွက်နေကြာ ရေဆင်းစပ်မျိုး-၁ စိုက်ခင်းငါးဧကနှင့် တစ်ဧက တန်(၆၀)ကျော် ထွက်ရှိနိုင်မည့် ကြံစိုက်ခင်းတို့ကို လည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြရာ တာဝန်ခံများက ရှင်းလင်းပြသကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ကျင်းပရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက Tourism promotion အတွက် ကျင်းပခဲ့သည့် နေပြည်တော်ခရီးသွားပြပွဲနှင့် အစားအစာပြပွဲ တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်းသည့် လုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့ (MTB) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ပြပွဲကျင်းပခြင်းနှင့် ပတ်သက်၍ တွေ့ကြုံရမှုများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြပွဲ၏ အားနည်းချက်၊ အားသာချက်များ၊ နောင်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အချက်များကိုလည်းကောင်း၊ ဟိုတယ်ဇုန်များအလိုက် ပြခန်းတာဝန်ခံများနှင့် အသင်းအလိုက် ပြပွဲတာဝန်ခံများက မိမိတို့ ခင်းကျင်းပြသထားရှိသည့် ပြကွင်းပြကွက်နှင့်အစီအမံများ၊ အပြင်အဆင်များ၊ ဧည့်သည်များ၏ စိတ်ဝင်တစား ကြည့်ရှုလေ့လာအားပေးမှု အခြေအနေများနှင့် ရှေ့ဆက်၍ အလားတူပြပွဲများတွင် အကောင်အထည်ဖော် ရွေးရှုဆောင်ရွက်သွားမည့် ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတို့က ပြပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အားနည်းချက်များအပေါ် ဖြည့်စွက်ဆောင်ရွက်သင့်သည်များကို ဖြည့်ဆည်းဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့၏ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ပုဂံတွင် Tourism promotion အတွက် ဆက်လက်ပြုလုပ်ရန် ရည်မှန်းထားသော ခရီးသွားလုပ်ငန်း ပြပွဲနှင့် အစားအစာပြပွဲအတွက် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး မှာကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၁၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၉။ ဒေသထွက်ကုန်အဖုံဖုံ မန္တလေးက မုန့်မျိုးစုံ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပဒေသာ
- ၄:၂၀ ၃။ အတီးပြိုင်ပွဲ
- ၄:၂၅ ၄။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၇။ တေးဂီတအစီအစဉ်
- ၅:၁၅ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၃၀ ၉။ မျက်ရည်စက်များကင်းစေချင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှလုံးသား** (အပိုင်း-၇)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နားခိုရာ** (အပိုင်း-၁၃)
- ၁၉။ အစီအစဉ်ပြီး၏။

✻ ကျောဖုံးမှ

ဆောင်ရွက်ပေးကြကြောင်းနှင့် ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၂၆တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

ရောင်းချမည်

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပကာ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မြန်မာ့စားသောက်ကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လေ့လာရေးအဖွဲ့ဝင်များ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ အဖွဲ့ဝင် ၂၀ ဦးပါ လေ့လာရေးအဖွဲ့သည် ဇွန် ၂၂ရက်မှ ၂၉ရက်အထိ ဂျပန်နိုင်ငံ တိုကျိုနှင့် ယိုကိုဟားမားမြို့များရှိ စားသောက်ကုန်လုပ်ငန်းများ၊ စားသောက်ကုန်စစ်ဆေးပေးသည့်ဓာတ်ခွဲခန်းများနှင့် ဂျပန်နိုင်ငံ၏ စားသောက်ကုန်များတွင် ဘေးအန္တရာယ်ထိန်းသိမ်းမှု လုပ်ငန်းများကို သွားရောက်လေ့လာပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၂ ရက်က ပြန်လည်ရောက်ရှိလာကြသည်။

ကြိုဆို

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဓာတ်ခွဲခန်းမန်နေဂျာ ဒေါက်တာအေးကျော်ဦးဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များအား မြန်မာနိုင်ငံစိုက်ပျိုးရေး အခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌဦးဇော်မင်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်သောင်းဦးနှင့် ဗဟိုအလုပ်အမှုဆောင် ဦးအေးဝင်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန UNFPA

ကမ္ဘာ့လူဦးရေနေ့

လူဦးရေသန်းခုနစ်ထောင်ရဲ့ဝန်တာ၊ ထမ်းဆောင်နေတဲ့ ပို့ရဲ့ကမ္ဘာ

The world at 7 Billion

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီတွင် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်ရုံးဝန်ထမ်းများအား တွေ့ဆုံကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်ငွေကြေးနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားမည့် အစီအမံများ၊ ယင်းလုပ်ငန်းများ မြန်ဆန်ထိရောက်စေရေးအတွက် ပြည်သူအပေါ် ဖြေလျှော့ဆောင်ရွက်ပေးမည့် အစီအစဉ်များ၊ အခြားဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။ **(အောက်ပုံ)**

ထို့နောက် ဝန်ထမ်းများအား လုပ်ငန်းလိုအပ်ချက်များ မေးမြန်းကာ ရပ်မိရပ်ဖများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံး မှတ်တမ်းခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မြို့သစ်မြို့နယ် ဖိုကြီးကျေးရွာရှိ မိုးကောင်းစေတီဓမ္မာရုံ၌ ဒေသခံကျေးရွာပြည်သူများအား တွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက မရှင်းလင်းသည့်အချက်များ၊ သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တန့်ဆည်မြို့နယ် ကံထူးမစံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့် အခြေခံပညာအထက်တန်းကျောင်းအဆင့် တိုးမြှင့်

နေပြည်တော် ဇူလိုင် ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် ရေဦး-တန့်ဆည် လမ်းပိုင်း ခပေါင်းကြိုင်ကျေးရွာရှိ တောင်သူဦးအောင်ကြီးပါ တောင်သူ ၁၀ ဦး၏ ကွင်းအမှတ်(၁၁၂၂)၌ မိုးစပါးစိုက်ပျိုးမည့် ဧက ၂၀ အား စက်ယန္တရားများဖြင့် ထွန်ယက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဖွင့်လှစ်ပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် တန့်ဆည်မြို့နယ် ကံထူးမ စံပြကျေးရွာ တိုက်နယ်ဆေးရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဦး၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန်းထွန်းနှင့် ဆေးရုံဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်တို့က တိုက်နယ်ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် တိုက်နယ်ဆေးရုံသစ်၏ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုအားပေးကြသည်။

တည်ဆောက်ထား

ကံထူးမ တိုက်နယ်ဆေးရုံသည် စံကိုက်ပင်မဆေးရုံ တစ်ဆောင်၊ သံဃာဆောင် တစ်ဆောင်၊ ဆရာဝန် နေအိမ် တစ်လုံးနှင့် ဝန်ထမ်းနေအိမ် နှစ်ခန်းတွဲ သုံးလုံး အပါအဝင် မြေ ငါးဧကပေါ်၌ ငွေကျပ် သိန်းနှစ်ထောင်ကျော်ဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အခြေခံပညာ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က အမှာစကားပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် အလှူရှင်များက တိုက်နယ်ဆေးရုံသစ်အတွက် ဆေးရုံငွေပဒေသာပင် အလှူငွေကျပ် ၃၉ သိန်းကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အခြေခံပညာ အထက်တန်းကျောင်းအတွက် ကျောင်းသုံး ဗလာစာအုပ် ဒါဇင်၃၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တန့်ဆည်မြို့နယ် ကံထူးမစံပြကျေးရွာ တိုက်နယ်ဆေးရုံသစ်၏ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျောက်ဆည်မြို့နယ် ခရိုင်ပတ်လမ်း အမှတ်(၁)ပေါ်ရှိ ကျောက်ဆည်မြို့နယ် စံပါယ်တောကျေးရွာနှင့် မြစ်သားမြို့နယ် ယမုန်းကြီးကျေးရွာတို့ကို ဆက်သွယ်ထားသော ပန်းလောင်မြစ်ကူးတံတား၏ သစ်သားတံတားအပိုင်းအား ပြုပြင်ဆောက်လုပ်နေမှုကို ဇွန် ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၁၀

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၅	၂၆	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၂	ကယားပြည်နယ်	၃၁	၂၂	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၃	ကရင်ပြည်နယ်	၃၃	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၄	ချင်းပြည်နယ်	၂၄	၁၄	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၄	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၄၁	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၈	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၄	၂၃	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၉	မကွေးတိုင်းဒေသကြီး	၄၀	၂၇	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၇	၂၈	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၁	မွန်ပြည်နယ်	၃၁	၂၃	နေရာအနှံ့အပြားမိုးထစ်ချုန်း (နေရာကွက်၍မိုးကြီးနိုင်)	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၃၄	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၃	ရခိုင်ပြည်နယ်	၃၁	၂၅	နေရာစိပ်စိပ်မိုးထစ်ချုန်း	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၇	၁၉	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၃၂	၂၀	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၂	၂၃	နေရာကျဲကျဲမိုးထစ်ချုန်း	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၃၂	၂၆	နေရာအနှံ့အပြားမိုးထစ်ချုန်း	၈၀%
၁၈	နေပြည်တော်နှင့်အနီးတစ်ဝိုက်	၃၄	၂၄	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၁၉	ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်	၃၄	၂၆	နေရာကွက်ကျားမိုးထစ်ချုန်း	၈၀%
၂၀	မန္တလေးမြို့နှင့်အနီးတစ်ဝိုက်	၃၇	၂၈	နေရာကွက်ကျားမိုးထစ်ချုန်း	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ကရင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

11-7 (04).pmd 1 7/11/2011, 2:35 AM

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ ယနေ့ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယနေ့ အမှတ်(၁)နေပြည်တော် အားကစားကွင်း၌ ကျင်းပသော ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်သို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့ လာရောက်ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၁၁ ရက် (တနင်္လာနေ့)ပွဲစဉ်များအဖြစ် အမှတ်(၁)နေပြည်တော် အားကစားကွင်း၌ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမှတ် (၂)နေပြည်တော် အားကစားကွင်း၌ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေး အားကစားကွင်း၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်တွင် နေပြည်တော် လယ်ဝေးအားကစားကွင်း၌ အမှတ် (၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

သတင်းမှတ်စု
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ
ကျော်မြင့်သန်း(လမ်းမတော်)

(၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲစတင်

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် (၄၂)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ဇူလိုင် ၉ ရက် နံနက် ၉ နာရီက စတင်ကျင်းပသည်။ **(ယာပုံ)**

အဖွင့်ပွဲစဉ်အဖြစ် အမျိုးသား ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပရာ အုပ်စု(ခ)မှ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရမှတ် ၉၅ မှတ်၊ ပဲခူးတိုင်းဒေသကြီး အသင်းက ရမှတ် ၄၂ မှတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအသင်းက အနိုင်ရရှိသွားသည်။

ထို့နောက် အမျိုးသမီး ဘတ်စကက်ဘောပွဲစဉ်ကို ဆက်လက် ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ရမှတ် ၆၈ မှတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရမှတ် ၄၁ မှတ်ဖြင့် ရှမ်းပြည်နယ်အသင်းက အနိုင်ရရှိသွားသည်။

ထို့အတူ အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက အနိုင်ရရှိသွားသည်။

အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် အုပ်စုလေးစုခွဲထားရာ အုပ်စု(က)တွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ပါဝင်ပြီး အုပ်စု(ခ)တွင် ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ ပါဝင်သည်။ အုပ်စု (ဂ)တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့ပါဝင်ပြီး အုပ်စု(ဃ)တွင် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်အသင်းတို့ ပါဝင်ကြသည်။

အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲတွင် အုပ်စုနှစ်စုခွဲထားရာ အုပ်စု(က)တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ ပါဝင်သည်။ အုပ်စု(ခ)တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အသင်းတို့ ပါဝင်ကာ ပြိုင်ပွဲများကို အကြိတ်အနယ် ဆင်နွှဲလျက်ရှိကြသည်။ **(မြန်မာ့အလင်း)**

ကရာတေးဒိုပြိုင်ပွဲ ယှဉ်ပြိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်မည်

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သည် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ပဏာမလက်ရွေးစင်အဖြစ် အမျိုးသား ၁၈ ဦးနှင့် အမျိုးသမီးခုနစ်ဦးတို့အား စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ဇူလိုင် ၁၆ ရက်မှ ၂၅ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Quanzhou ပြည်နယ် Fujian မြို့၌ ကျင်းပမည့် (၁၀)ကြိမ်မြောက် အာရှအကြိုတန်း ကရာတေးဒိုပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက်(ခတ)နှင့် (ကုမိတဲ့)ပြိုင်ပွဲများ၌ မင်းဟိန်းခန့်ကလည်းကောင်း၊ အသင်းလိုက်(ခတ)၊ တစ်ဦးချင်း(ကုမိတဲ့)နှင့် ၅၅ ကီလို အောက်အသင်းလိုက်(ကုမိတဲ့)ပြိုင်ပွဲများ၌ အောင်ခန့်ကလည်းကောင်း၊ တစ်ဦးချင်း(ခတ)ပြိုင်ပွဲ၊ အသင်းလိုက်(ခတ)နှင့် အသင်းလိုက်(ကုမိတဲ့)ပြိုင်ပွဲများ၌ ကျော်ကျော်ထွန်းကလည်းကောင်း၊ ကီလို ၆၀ နှင့်အောက် တစ်ဦးချင်း (ကုမိတဲ့)နှင့် အသင်းလိုက်(ကုမိတဲ့)ပြိုင်ပွဲများ၌ အောင်ပြည့်ကလည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်၊ ဒီဂရီကောလိပ်များ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ကျင်းပရာ အဆိုပါ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသား ပိုက်ကျော်ခြင်း (Double) ပြိုင်ပွဲတွင် ဒဂုံတက္ကသိုလ်အသင်းက ပထမ၊ ပုသိမ်တက္ကသိုလ်အသင်းက ဒုတိယနှင့် ဟင်္သာတတက္ကသိုလ်အသင်းက တတိယတို့ရရှိခဲ့ကာ Regue ပြိုင်ပွဲ၌ ဒဂုံတက္ကသိုလ်အသင်းက ပထမ၊ စစ်တွေတက္ကသိုလ်အသင်းက ဒုတိယနှင့် မြိတ်တက္ကသိုလ်အသင်းက တတိယ အသီးသီးရရှိခဲ့ကြကြောင်း သိရှိရသည်။ **(အဆင့်မြင့်ပညာ)**

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇူလိုင် ၁၀

ယနေ့ နံနက် ၇ နာရီ ၁၀ မိနစ် ၂၀ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်-အနောက်တောင်ဘက် မိုင် ၁၅၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကန်ပက်လက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်းဘေးဝဲယာ မြေယာရှုခင်းအလှပြုပြင်ခြင်းကို ဇွန် ၁၆ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းရီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် ဝမ်လင်ရွာသွားလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်မိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပန်းတနော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘုရင့်နောင်လမ်းဘေး မြေယာရှုခင်းအလှပြုပြင်နေမှုကို ဇွန် ၁၉ ရက်က အမှုဆောင်အရာရှိ ဦးအေးသိန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများပူးပေါင်း၍ မြို့အဝင်ဆိုင်းဘုတ်နှင့် လမ်းမကြီးဘေးဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်း၊ ပန်းအလှပင်များစိုက်ပျိုးခြင်းကို ဇွန် ၁၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးကြူနှင့် အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်မှုကို ဇူလိုင် ၃ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ၂၀၁၁ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနရုံး ပရဝုဏ်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းတက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုးပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခွန်အယူခံခုံအဖွဲ့ရုံး စိုက်ခင်းတွင် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကိုကြည့်ရှုအားပေးပြီး စိန်တစ်လုံးသရက်ပင်အား စိုက်ပျိုးပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာန လျှိုပိတ်ဆည်၌ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့တက်ရောက်ပြီး ငါးမျိုးများစိုက်ထည့်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန စိုက်ခင်းတွင် အရာထမ်း၊ အမှုထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေး၍ စိန်တစ်လုံးသရက်ပင်အား စိုက်ပျိုးပေးသည်။

ငါးမျိုးစိုက်ထည့်

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ၂၀၁၁ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားတွင် သစ်မွှေး၊ ပိတောက်၊ စိန်တစ်လုံးသရက်၊ စိန်ပန်း၊ ရွှက်လှ၊ ကံ့ကော်၊ မဟော်ဂနီ၊ ခရေ၊ တမာ၊ မဲဇလီပင် စုစုပေါင်းအပင် ၁၅၀၀ စိုက်ပျိုးခဲ့ပြီး စိုက်ထည့်ပေးသည့်ငါးမျိုးများမှာ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်းနှင့်တီလားပီးယားကောင်ရေ ၄၀၀၀ ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြောင်းအင်ဂျင်နီယာအသင်း စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၀

မြန်မာနိုင်ငံ ရေကြောင်းအင်ဂျင်နီယာအသင်း၏ ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် အသင်းရုံးခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် အသင်းရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မော်လမြိုင်ကျွန်း၌ အသိပညာပေးဟောပြော

မော်လမြိုင်ကျွန်း ဇူလိုင် ၁၀

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ပေါ်တွင်ပြေးဆွဲနေသော ဆိုင်ကယ်ကယ်ရီများ၊ နောက်တွဲဆိုင်ကယ်များ၊ ထော်လာဂျီယာဉ်များ ဂိတ်နေရာချထားမှု၊ သတ်မှတ်လမ်းကြောင်းအတိုင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ပြေးဆွဲနေမှုများကို ဇွန် ၂၅ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မောင်နှင့်ကော်မတီဝင်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်စုရပ်ဂိတ် ၁၀ဂိတ်တို့တွင် ကွင်းဆင်းစစ်ဆေးကြသည်။ **(အောက်ပုံ)**

ဆွေးနွေးဟောပြော

ထို့နောက် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ပူးပေါင်းအဖွဲ့သည် မော်လမြိုင်ကျွန်းမြို့ စုရပ်ဂိတ်များရှိ ဆိုင်ကယ်ကယ်ရီများ၊ နောက်တွဲဆိုင်ကယ်နှင့်ထော်လာဂျီ မောင်းနှင်ပြေးဆွဲသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းစွာ စနစ်တကျ ပြေးဆွဲမောင်းနှင်ရေး ဆွေးနွေးဟောပြောခဲ့ကြသည်။ **(ဝဇ၅)**

သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များအား အိမ်တိုင်ရာရောက် ကွင်းဆင်းဆေးဝါးကုသ

မင်းဘူး ဇူလိုင် ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်တွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းဟန် ခေါင်းဆောင်သော မင်းဘူးခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီက မင်းဘူးမြို့နယ် အမှတ်(၄)ရပ်ကွက်အတွင်းရှိ သက်ကြီးရွယ်အိုများနှင့် နာတာရှည် ရောဂါခံစားနေရသော ပြည်သူများအား ကွင်းဆင်းဆေးကုသပြီး ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)

ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ငါ့သရောက်၌ သရုပ်ပြပွဲကျင်းပ

ညောင်ဦး ဇူလိုင် ၁၀

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှုဖြင့် ကွင်းအမှတ် ၁၄၇၄၊ ဦးပိုင်အမှတ် ၁၆ တောင်သူ ဦးနီတိုး၏ လယ်မြေ၌ ဇူလိုင် ၄ ရက်က မိုးစပါး အထွက်ကောင်းမျိုး စံပြကွက် ငါးကေစိုက်ခင်းတွင် သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ပညာပေးသရုပ်ပြပွဲ ကျင်းပသည်။

(ဝဲပုံ)

တက်ရောက်

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မြို့နယ်တာဝန်ခံ ဦးဝင်းကိုနှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစိုးမောင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)



ကွင်းဆင်းစစ်ဆေး

ရေကြည်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပင်မရေထုတ်မြောင်းမကြီး တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဇွန် ၂၃ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစံလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ရှင်းလင်းတင်ပြကြစဉ်။

(မြို့နယ်စည်ပင်)

မြန်မာ့အလင်း သတင်းအတိုအထွာ

၁၀-၇-၂၀၁၁

ထန်းတပင်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ထန်းတပင်မြို့နယ် ချောင်းဝကျေးရွာအုပ်စု ရွာသာယာ အလယ်တန်းကျောင်းဝင်းအတွင်း၌ ဇူလိုင် ၃ ရက်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခွန်တင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးငွေဝင်းနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ရတနာတန်းဝင် သစ်ပင် ၅၉၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်သာမြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်

တောင်သာမြို့နယ် ၂၀၁၁ ခုနှစ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၉ ရက်က တောင်သာ-မြင်းခြံကားလမ်းဘေး ဆည်ကုန်းကျေးရွာအနီးတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးစိုးရွှေ၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်၊ မြို့နယ်သစ်တောဦးစီးဌာန တောအုပ် ဦးမြတ်ကျော်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက တမာ၊ မန်ကျည်း၊ ကုက္ကိုနှင့် ယူကလစ်ပင် ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကောလင်း အလက၌ စုပေါင်းသစ်ပင်စိုက်ပျိုး

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အကြိုသစ်ပင်စိုက်ပျိုးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ဇူလိုင် ၈ ရက် နံနက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျောင်းဝင်းအတွင်းနှင့်ကျောင်းဝန်းကျင်တို့တွင် သရက်ပင်၊ ကံ့ကော်ပင်၊ အရိပ်ရလေကာပင်၊ ပန်းအိုးအလှစိုက်ပင်များနှင့် ဟင်းသီးဟင်းရွက်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

(ဝ၃၈)

စာရေးကိရိယာများ ဝိုင်းမော်၌ထောက်ပံ့

ဝိုင်းမော်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဆမားခန်းမ၌ကျင်းပရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ငွေကျပ် ၂၄၀၀၀၀ ကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများကို ကျောင်းသားတစ်ဦးချင်းထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မိုးကောင်း၌ စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ဇွန် ၁၅ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လင်းက ဌာနဆိုင်ရာများကိုယ်စား မြို့နယ်မြေစာရင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်ဦးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုယ်စား နတ်ကြီးကုန်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သန်းတို့ထံ စီမံကိန်းရည်မှန်းချက်တာဝန်များကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံ၌ အခွန်ပညာပေးဆွေးနွေး

ကျိုင်းတုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေမောင်းက အမှာစကားပြောကြားပြီး ခရိုင်အခွန်ဦးစီးဌာနမှူးဦးသန်းဇော်ဝင်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးနေလင်းလင်းအေးတို့က အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အခွန်ထမ်းလုပ်ငန်းရှင်များက သိလိုသည်များကိုမေးမြန်းကြရာ ခရိုင်အခွန်ဦးစီးမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

နမ့်ခမ်း၌ မြန်မာအမျိုးသမီးများနေ့ကျင်းပ

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက်က ကျားဖြူခန်းမ၌ကျင်းပရာ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းဆိုင်မိုနွမ်က မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်တွင် နမ့်ခမ်းမြို့ စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၂၁ ဦးတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပဲခူး၌ လုပ်ငန်းညှိနှိုင်း

ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက်က ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို မိမိတို့တာဝန်ယူဆောင်ရွက်နေရသော ခရိုင်၊ မြို့နယ်များတွင် အမြန်ဆုံးကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ကြရန် ခရိုင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးများအား ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းဝင်းမြင့်က မှာကြားသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

အသေးစား ငွေစုငွေချေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော အသေးစား ငွေစုငွေချေး လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားရာတွင် ကျေးလက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကိုပါ တစ်ချိန်တည်း ဆောင်ရွက်ရန်လိုကြောင်း၊ အသေးစားချေးငွေလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များသည် ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုးသယ်ပိုးသူများ၊ အများက ကြည်ညိုလေးစားသူများ ဖြစ်ရန်လိုကြောင်း၊ ငွေကြေးကိစ္စရပ်များနှင့် ပတ်သက်၍ စာရင်းဇယားများကို တိကျမှန်ကန်စွာပြုစု၍ ဆောင်ရွက်ကြရန်လိုကြောင်း ဖြင့် မှာကြားခဲ့သည်။ ယင်းနောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက သမဝါယမအသေးစား ငွေစုငွေချေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငါးမျိုးစိုက်ထည့်ပွဲ ညောင်တုန်းမြို့နယ်၌ ကျင်းပ

ညောင်တုန်း ဇူလိုင် ၁၀

ငါးသယံဇာတ တိုးပွားရေးအတွက် ညောင်တုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ညောင်တုန်းမြို့နယ် မဲဇလီရေထိန်းတံခါးတွင် ဇွန် ၃၀ ရက်က ကျင်းပရာ ရှေးဦးစွာ ညောင်တုန်းမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးက ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပညာပေးဟောပြောသည်။

စိုက်ထည့်

ထို့နောက် မအူပင်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးစိန်သောင်း၊ ညောင်တုန်း မြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စိုက်တိုးမြှင့်အဖွဲ့ဝင်များ၊ မအူပင် မြို့နယ် တလုပ်လှ ငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အင်းသားကြီးများက ငါးမျိုးကောင်ရေ ခြောက်သိန်းခွဲကို မဲဇလီရေထိန်း တံခါးအတွင်းဘက် မြောင်းအတွင်းသို့ စိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)(ဝ၈၂)**

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ကောဒသမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်းဘုရားကြီးတန်ဆောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုပါက ဦးစိုးညွန့်(နာယက) ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ)ဖုန်း-၂၄၆၁၄၂၊ ဦးစန်းအောင် (အတွင်းရေးမှူး-၁) ဖုန်း- ၀၉-၇၃၀-၃၂၆၀၈၊ ဦးမောင်မောင်မြင့် (ဘဏ္ဍာရေးမှူး) ဖုန်း-၅၄၇၄၅၅ တို့ထံသို့ လှူဒါန်းနိုင်ကြောင်းနှင့် စုပေါင်းလှူဒါန်းပွဲသို့ လိုက်ပါလိုသူများအား ကားဖြင့် ကြို/ပို့ရန် အစီအစဉ်များ ပြုလုပ်ထားသဖြင့် ဇူလိုင် ၁၇ ရက် နံနက် ၆ နာရီခွဲတွင် မြို့တော်ခန်းမအရှေ့ မဟာဗန္ဓုလပန်းခြံမှ ကားများထွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အမြို့မြို့အနယ်နယ်၌ သစ်ပင်များစိုက်ပျိုး

၁၀-၇-၂၀၁၁

နွားထိုးကြီးမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၆ ရက် နံနက် ၈ နာရီက နွားထိုးကြီးမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမိုး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးနေဒဆာဝူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင်ကျွန်းနှင့် အရိပ်ရပင် စုစုပေါင်း ၁၀၀၀၀ ကို စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရေဖြူမြို့နယ်၌ ကျင်းပ

ရေဖြူမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၆ ရက်တွင် ရေဖြူမြို့နယ် ညင်းထွေး-ဇီးကျလမ်း ရှေးဟောင်းသမိုင်းဝင် ဝါဆိုဘုရားကုန်း၌ ကျင်းပရာ ရေဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်း၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဇင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက ပျဉ်းကတိုးနှင့်ယူကလစ် စုစုပေါင်းအပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တိုက်ကြီးမြို့နယ်၌ ကျင်းပ

တိုက်ကြီးမြို့နယ် ဥတို-အဖျောက်လမ်း မိုင်တိုင်အမှတ် ၀/၆ ဖာလုံတွင် ဇူလိုင် ၂ ရက် နံနက် ၆ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပရာ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင်ဆွေမြင့်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီး အရာရှိ ဦးကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက သစ်ပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်းပင် ၂၀၀၊ အော်ရီးရှားပင် ၁၄၀၀ နှင့် ယူကလစ်ပင် ၁၄၀၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကော့ကရိတ်မြို့၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက်က ကော့ကရိတ်မြို့ ချောင်းတောင်ရပ်ကွက်ရှိ အထကခွဲကျောင်းဝင်းနှင့် ကော့ကရိတ်တစ်မိုင်ကုန်းကျေးလက်လမ်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်း၊ ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးလှန်ထွန်းဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသန်းဆွေနှင့်သစ်တောဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်၊ မဲဇလီ၊ ဗာဒံစသော မျိုးပင်ပေါင်း ၅၀၀ကျော်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (ဝဲပုံ) (ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

ဇူလိုင် ၄ ရက်က သုံးခွမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မြို့ပေါ်ရပ်ကွက်များရှိ စာသင်ကျောင်းများအား ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် လက်ထောက်ကျန်းမာရေးဦးစီးမှူးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်မြို့တွင် ဇွန် ၂၈ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းစိန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတိုးမောင်နှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စုပေါင်း၍ မြို့ပေါ်လေးရပ်ကွက်တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုးကောင်းမြို့နယ် မြို့မဈေးဈေးရုံများအတွင်း ခြင်ဆေးဖျန်းခြင်းကို ဇွန် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်အဖွဲ့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြောင်းမြမြို့နယ်၌ ရေနုတ်မြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (ခရိုင် ပြန်/ဆက်)

ပဲခူးမြို့နယ် ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများနှင့် ကျောင်းဆရာ ဆရာမများ ပူးပေါင်း၍ ဇွန် ၃၀ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားများအား ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရွှေရိုင်တန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီခွဲတွင် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်ပြီး ရှေ့ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဦးကျင်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် ကျောင်းအကျိုးတော်ဆောင် ဦးအောင်ကြည်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ဒုတိယဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ပြန်လည်ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များလှူဒါန်းကြသည့် ကျောင်းအတွက် အလှူငွေနှင့် ကျောင်းသုံး စာရေးကိရိယာများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယခု ဆောက်လုပ်လှူဒါန်းသည့် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ရွှေရိုင်တန်း ကျောင်းဆောင်သစ်သည် သံကူကွန်ကရစ် တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အလျားပေ ၁၂၀၊ အနံ ပေ ၃၀ ရှိသည်။

အမှာစကားပြောကြား

ယင်းနောက် စစ်ကိုင်းမြို့နယ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်မြင့်မားသော ကျောင်းများနှင့် သင်ပြမှုထူးချွန်သော ဆရာဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦး၊ လေးဘာသာဂုဏ်ထူး ရရှိသူခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၉၂ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၁၂၈ ဦးတို့အားလည်းကောင်း၊ ဒုတိယဝန်ကြီးက အောင်ချက်မြင့်မားသော ကျောင်းခုနစ်ကျောင်းအား လည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦးက သင်ပြမှုထူးချွန်သော ဆရာဆရာမ ၉၃ ဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် စစ်ကိုင်းမြို့နယ်မှ ၂၀၁၀-၂၀၁၁ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်စဉ်။ (သတင်းစဉ်)

တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတု ကြော်ငြာဆိုင်းဘုတ်တင် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၀

ရှမ်းပြည်နယ် တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတု ကြော်ငြာဆိုင်းဘုတ်တင်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက်နံနက်ပိုင်းတွင် တောင်ကြီးမြို့ ဗိုလ်ချုပ်လမ်း မြို့မဈေးကြီး အဆောက်အအုံရှေ့၌ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ရှမ်းပြည်နယ် ဥပစာကောလိပ်မှ တောင်ကြီးတက္ကသိုလ် နှစ်(၅၀)ပြည့်ရွှေရတု ကြော်ငြာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မွေးရာပါဆစ်ဖလစ်ရောဂါ ပပျောက်ရေးစီမံချက် မြို့နယ်အဆင့်အသိပေးဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမတွင် ဇူလိုင် ၉ ရက်ကကျင်းပရာ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေး အမှာစကားပြောကြားစဉ်။ (ဝ၂၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ရတနသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ဒုက္ခမသိ နိဗ္ဗာန်မရှိ** တရားတော်
ဦးတေဇိန္ဒ
(သွေးဆေးကန်ဆရာတော်)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၆၁)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၃)
၈:၅၀ မြတ်စွာဘုရား၏ ပရိယတ္တိ
သာသနာတော်ထက်စုံတိုးတက်ပြန့်ပွားရေးဆွေးနွေးပွဲ
ထွန်းကားပြန့်ပွားရေးဆွေးနွေးပွဲ
၉:၀၀ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဒေါက်တာခင်မောင်လွင်၊
စာရေးဆရာ ချစ်စံဝင်း)
၉:၃၀ စာအုပ်ပြခန်း
(ရန်ကုန်ခရီးသွားသမိုင်းထဲက
မထသချစ်စံဝင်း)
၁၀:၀၅ ဓုတင်္ဂါစာရမွေ့သုခဆရာတော်
ကြီး၏ မေတ္တာရိပ်အောက်မှ
အလင်းရောင်များ
၁၀:၂၅ ပန်းပျိုးလက်ဖြင့် ပန်းပျိုးဆက်တို့
ထက်မြက်ရှင်သန်စေရာ
၁၀:၄၀ The Champion of Dance
၁၁:၂၅ Celebrity Choice (ဟဲလေး)
၁၁:၅၅ ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့်
အသည်းခြောက်ရောဂါ (အပိုင်း-၂)
[ပါမောက္ခခင်မောင်ဝင်း (အသည်း)]
၁၂:၁၅ ရန်ကုန်မြင်ကွင်းကျယ်
(ရဲရင့် Computer ၏ Power
Coating Technical Seminar)
၁၂:၃၀ စားချင်စဖွယ် နည်းအသွယ်သွယ်
(လိမ္မော်ရည်ဆမ်းငါးဟင်းနှင့်
ကောက်ညှင်းအစာသွပ်ကင်းမွန်
ပြုလုပ်နည်း)
၁၂:၄၅ မြန်မာပြည်ရဲ့ ပါရမီ
၁:၀၀ **ဒုက္ခမသိ နိဗ္ဗာန်မရှိ** တရားတော်
ဦးတေဇိန္ဒ
(သွေးဆေးကန်ဆရာတော်)
၂:၀၀ MRTV-4 သတင်း
၂:၂၀ မုဟန်ကိုယ်စီတေးကိုသီ
[ပါမောက္ခခင်မောင်ဝင်း(အသည်း)]
၂:၄၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ
အပြင်းစားကြီးဂေါ်
ဗီဒီယိုရိုက်ကွင်း
၃:၀၅ ခဝဲခြံမျက်မမြင်ကျောင်း
၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၆၁)
၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၃)
၅:၀၅ ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ
၅:၂၅ သီချင်းကောင်းကောင်း၊
သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ Sunday Talk
[မောင်လူမွှေး(မြန်မာ့မူ)၊ မျိုးမြတ်သူ]
၆:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
နွေးထွေးသောမေတ္တာ (အပိုင်း-၆၂)
၇:၄၅ ဗီဒီယိုပြခန်း
၈:၀၀ MRTV-4 သတင်း
၈:၂၀ အရိုး၊အကြော၊အဆစ်ရောဂါများ
(ပါမောက္ခဒေါက်တာချစ်စိုး)
၈:၄၀ စကားနပန်း
အတတ်ပညာရှိတာကောင်းတယ်၊
အသိပညာရှိတာကောင်းတယ်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
မာယာမျဉ်းပြိုင် (အပိုင်း-၄)
၁၀:၂၀ အနုပညာမိုးကောင်းကင်
၁၀:၄၀ **တစ်သက်စာ**
ထွန်းထွန်း(Examplez) ၊ သဇင်
(ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၁:၀၅ International Show Biz
၁၁:၂၅ သီးနှံစိုက်ပျိုးအထွက်တိုး
ပြည်ပဝင်ငွေရစေရာ
ဆေးဖက်ဝင်သစ်ခွစိုက်ပါ
၁၁:၃၀ ဈေးဝယ်လမ်းညွှန်
(မဟာတော်ဝင်)
၁၁:၅၀ အန္တရာယ်ကင်းသောမိခင်ဘဝ
(ဒေါက်တာသိန်းသိန်းဌေး)
၁၂:၀၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက်
ခွန်အားသစ်များမွေးဖွားခြင်း
၁၂:၄၀ လူမှုစီးပွားမြင့်မားဖို့ကျေးရွာ
စာကြည့်တိုက်အတွင်း စာဖတ်စို့
၁၂:၄၅ အိုက်ကီဒိုနှင့် သမီးပျို
၁:၀၀ Box Office of Movies
(Watch Men)
၁:၂၅ နယည်ဆန်းထွင်ပန်းအလှဆင်
(Diamond ပုံပန်းအိုးထိုးနည်း)
၁:၅၅ ငြိမ့်ညောင်းသာယာစောင်းပညာ
(တယောဦးတင်ရီ)
၂:၂၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့
အလည်တစ်ခေါက်
၂:၄၅ တန်ခိုးထွဋ်ခေါင်ရွှေနတ်တောင်
၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄:၀၀ အဆင့်မြင့်ကြွေသီးစက်ရုံ (ချောက်မြို့)
၄:၃၅ ကျန်းမာလှပတဲ့ဘဝပိုင်ဆိုင်ဖို့
ယောဂကျင့်စဉ်ကျင့်ကြစို့

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူ ကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝမြို့ မိုးရာသီ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၃ ရက်က မြို့ပေါ် (၃)ရပ်ကွက်တွင် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။ (ကျန်းမာရေး)

အားကစားဖြင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြင့်မောင်စိုး - စုစည်းသည်

ဘင်ဖီကာဂိုးသမား မိုရိုရာအား ဆွမ်ဆီးအသင်း နှစ်နှစ်စာချုပ်

လန်ဒန် ဇူလိုင် ၁၀

*ဘင်ဖီကာဂိုးသမား ဟိုဆေးမိုရိုရာ **(ဝဲပုံ)**အား ပရီမီယာလိဂ် တန်းတက်အသင်းတစ်သင်းဖြစ်သော ဆွမ်ဆီးက ပြောင်းရွှေ့ကြေး ထုတ်ဖော်ကြေညာခြင်းမရှိဘဲ ခေါ်ယူလိုက်သည်။*

အသက် ၂၉ နှစ်အရွယ်ရှိ ဂိုးသမားမိုရိုရာအား ဆွမ်ဆီးအသင်းက နှစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ယူရို ၂၀၀၄တွင် ပေါ်တူဂီအသင်းနှင့်အတူ ပါဝင်ကစားခဲ့သူလည်းဖြစ်သည်။

ပရီမီယာလိဂ်ကစားရန်မှာ မိမိ၏အိပ်မက်ပင်ဖြစ်ကြောင်း၊ ၎င်းအိပ်မက်ကို ဆွမ်ဆီးက လက်တွေ့အကောင်အထည်ဖော်ပေးနိုင်ခဲ့သဖြင့် အလွန်ဝမ်းသာမိကြောင်း မိုရိုရာက ပြောကြားသည်။ ၎င်းသည် ဘင်ဖီကာအသင်းတွင် ၁၂ နှစ်ကြာ ကစားခဲ့ပြီး အသင်းနှင့်အတူ ပေါ်တူဂီလိဂ်ဖလားနှစ်လုံး၊ ပေါ်တူဂီစူပါ ဖလားတစ်လုံးတို့ကိုလည်း ဆွတ်ခူးပေးနိုင်ခဲ့သည်။ ***(အင်တာနက်)***

အမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပြင်သစ်၊ ဂျပန် ဆွီဒင်နှင့် အမေရိကန်တို့ အကြိုဗိုလ်လုပွဲတက်ရောက်

မြူးနစ် ဇူလိုင် ၁၀

၂၀၁၁ အမျိုးသမီး ကမ္ဘာ့ဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို ဂျာမနီနိုင်ငံ၌ ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြင်သစ်အမျိုးသမီး ဘောလုံးအသင်းက အင်္ဂလန် အမျိုးသမီးဘောလုံးအသင်းအား အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

နှစ်သင်းစလုံး အနိုင်ဂိုးရရှိရေး အကြိတ်အနယ် အပြန်အလှန်ထိုးဖောက် ကစားခဲ့ရာ ပုံမှန်ပွဲကစားချိန် ဒုတိယပိုင်းတွင် တစ်ဖက် တစ်ဂိုးစီ သရေပွဲဖြစ်နေ၍ အချိန်ပိုကစားခဲ့ရသည်။ အချိန်ပိုတွင် ဂိုးထပ်မံမသွင်းနိုင်ကြ၍ တစ်ဖက်ပယ်နယ်တီ ငါးလုံးစီကန်သွင်းကြရာ ပြင်သစ်အမျိုးသမီး ဘောလုံးအသင်းက ပယ်နယ်တီ လေးဂိုး- သုံးဂိုးဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အိမ်ရှင်ဂျာမနီအသင်းနှင့် ဂျပန်အမျိုးသမီးအသင်းတို့ပွဲတွင်လည်း ဂျပန်အမျိုးသမီးအသင်းက အချိန်ပိုတွင်တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဇွန် ၁၀ရက်ညပိုင်းတွင် ဆွီဒင်အသင်းနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆွီဒင်က သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဘရာဇီးအသင်းနှင့် အမေရိကန်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ ပုံမှန်ကစားချိန်တွင် တစ်ဖက်တစ်ဂိုးစီနှင့် အချိန်ပိုတွင်လည်း တစ်ဂိုးစီ ထပ်သွင်းပြီး နှစ်ဂိုးစီဖြစ်နေသဖြင့် ပယ်နယ်တီ ကန်သွင်းရာ အမေရိကန်က ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ *(အင်တာနက်)*

ရေမြင့်မှ ကြာတင့်

လင်းလက်

မြန်မာနိုင်ငံမှာ လက်ရှိလူဦးရေ သန်း ၆၀ ခန့်ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသမှာ နေထိုင်ကြပြီး အများစုဟာ ဆင်းရဲသူများဖြစ်ကြပါတယ်။ ၎င်းတို့ဟာ လယ်ယာသားငါးကုန်ထုတ်လုပ်မှုလုပ်ငန်းများမှာ အများဆုံးဆောင်ရွက်နေကြတဲ့ တိုင်းပြည်ရဲ့ အဓိကကုန်ထုတ်လုပ်မှု စွမ်းအားစုကြီးဖြစ်ကြပါတယ်။ ယင်းကျေးလက်နေပြည်သူများအနေနဲ့ ဆင်းရဲရခြင်းမှာ အလုပ်မလုပ်ချင်လို့မဟုတ်ဘဲ အများစုမှာ အလုပ်ကိုကြိုးစားလုပ်ကိုင်လိုကြပါတယ်။ ဒါပေမယ့် ၎င်းတို့ရဲ့ အဓိကလိုအပ်ချက်ဟာ ငွေကြေးအရင်းအနှီးပဲဖြစ်ပါတယ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (တပ်မတော်အစိုးရ) လက်ထက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့လို့ ဖွံ့ဖြိုးတိုးတက်မှုများ အထိုက်အလျောက်ရှိခဲ့သော်လည်း ကျေးလက်ဒေသတွေမှာ ဆင်းရဲနွမ်းပါးမှုတွေရှိနေသေးတာ တွေ့ရှိရမှာဖြစ်ပါတယ်။ မကြာမီက ကမ္ဘာ့ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နဲ့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းအရ မြန်မာနိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းဟာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းသို့ ကျဆင်းသွားကြောင်း သိရှိရပါတယ်။ ဒါပေမယ့် ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင် (Millennium Development Goal-MDG) ရည်မှန်းချက်အရ မြန်မာနိုင်ငံရဲ့ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချရမှာ ဖြစ်ပါတယ်။

အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ (Microfinance Institutions) ဖွဲ့စည်းဖို့ လိုအပ်ရတဲ့ အကြောင်းကတော့ အခြေခံလူတန်းစားများ ဆင်းရဲနွမ်းပါးမှုလျော့ကျစေဖို့နဲ့ ၎င်းတို့ရဲ့ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားစေဖို့အတွက် ငွေကြေးအရင်းအနှီးပေးနိုင်ဖို့ဖြစ်ပါတယ်။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ အဓိကအားဖြင့် အသေးစားချေးငွေ ထုတ်ချေးခြင်းနှင့် ငွေကြေးစုဆောင်းခြင်းတို့ပါဝင်ပါတယ်။ အသေးစားချေးငွေဆိုတာဟာ အပေါင်ပစ္စည်းတင်သွင်းရန်မလိုဘဲ အခြေခံလူတန်းစားများကို ထုတ်ချေးတဲ့ အသေးစားချေးငွေကို ဆိုလိုပါတယ်။

ဘဏ်များအနေဖြင့် အပေါင်ပစ္စည်းပေးရန်မရှိသော အခြေခံလူတန်းစားများကို ငွေရေးကြေးရေး ဝန်ဆောင်မှုများပေးရန် အခက်အခဲရှိပါတယ်။ ဒါ့ကြောင့် အပေါင်ပစ္စည်းမပေးနိုင်တဲ့ အငယ်စားနဲ့ အသေးစားလုပ်ငန်းရှင် သန်းပေါင်းများစွာတို့ဟာ ပျမ်းမျှလစဉ်အတိုးနှုန်း ၂၀ ရာခိုင်နှုန်း ဝန်းကျင်ဖြင့် နေ့ပြန်တိုးပေးသူများနဲ့ အပေါင်ဆိုင်များအပေါ် မှီခိုအားထားနေကြရပါတယ်။ လယ်ယာလုပ်သားများနဲ့ အလုပ်သမားများမှာလည်း ငွေကြေးအရင်းအနှီးရှိသူများထံမှ အလားတူ အတိုးနှုန်းဖြင့် ငွေကြေးများ ချေးငှားအသုံးပြုနေကြရပါတယ်။

မြန်မာနိုင်ငံအတွင်း အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အားပေးနိုင်ရန်အတွက် မြန်မာနိုင်ငံမှာ ၁၉၉၇ ခုနှစ်က အထူးနားလည်မှုစာချွန်လွှာဖြင့် ပြဋ္ဌာန်းထားတဲ့ ရှေ့ပြေး စီမံကိန်းတစ်ခုအဖြစ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ လူမှုဖွံ့ဖြိုးရေးစီမံကိန်း (Human Development Initiative- HDI) ဖြင့် အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုစီမံကိန်းကို စတင်မိတ်ဆက်ပေးခဲ့ပါတယ်။ HDI ၏ တစ်စိတ်တစ်ဒေသအဖြစ် ဧရာဝတီတိုင်းဒေသကြီး (မြစ်ဝကျွန်းပေါ်ဒေသ)၊ အပူပိုင်းဒေသနှင့် ရှမ်းပြည်နယ်တို့မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတစ်ဆင့် အသေးစား ငွေကြေးဝန်ဆောင်မှု အတော်များများကို အကောင်အထည်ဖော်ခဲ့ကြပါတယ်။

လက်ရှိအခြေအနေမှာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို ဘဏ်များ၊ သမဝါယမအသင်းများ၊ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပမှအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအနေနဲ့ ၎င်းတို့ ရွေးချယ်တဲ့ဒေသအချို့မှာ ဆောင်ရွက်ပေးလျက်ရှိကြပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အလမ်းကို ဒေသအားလုံး မရရှိသေးတာ တွေ့ရှိရပါတယ်။ ရရှိတဲ့ စာရင်းအရ အသေးစားငွေရေးကြေးရေး လုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေကတော့ ဗဟိုသမဝါယမအသင်းလီမိတက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ ဆန်စပါး အထူးပြုနှင့် ပဲမျိုးစုံအထူးပြုကုမ္ပဏီများ၊ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ Microfinance လုပ်ငန်းစိစစ်ရေးအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ Private Agency Collaborating Together (PACT Myanmar)၊ Save the Children (Dawn Microfinance Project)၊ Group de rechercheeta' Charger Technologies (GRET)၊ Association of Medical Doctors of Asia (AMDA)၊ Agency for Technical Cooperation and Development (ACTED)၊ CARE Myanmar (Care International in Myanmar)၊ WORLD CONCERN (World Concern Myanmar)၊ Total (Yadana Suboo Microfinance)၊ National YWCA ၊ World Vision ၊ Pyoe Pin Program စတဲ့ အဖွဲ့အစည်းတွေဖြစ်ကြောင်း သိရှိရပါတယ်။ ဒီအသေးစားငွေရေးကြေးရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတွေဟာ မိမိတို့ရဲ့ ကိုယ်ပိုင်အစီအစဉ်၊ စည်းမျဉ်းစည်းကမ်း၊ လုပ်နည်းလုပ်ဟန်များအတိုင်းသာ အဆင်ပြေသလို ဆောင်ရွက်လျက်ရှိကြပြီး နိုင်ငံအတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်းတစ်ခုလုံးကို စနစ်တကျ စည်းမျဉ်းစည်းကမ်းချမှတ်ပြီး ကြီးကြပ်ဆောင်ရွက်နိုင်တဲ့ စနစ်တစ်ရပ် မရှိသေးတာကိုလည်း တွေ့ရှိရပါတယ်။

ကျေးလက်ဒေသတွေမှာ စီးပွားရေးအခွင့်အလမ်းတွေ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ပိုမို၍ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများကိုလည်း အထိုက်အလျောက် လျှော့ချသွားနိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေးဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ"** ကို နေပြည်တော်မှာ ပြီးခဲ့တဲ့ မေလ ၂၀ ရက်နေ့ကစပြီး သုံးရက်ဆက်တိုက် ကျင်းပခဲ့ပါတယ်။

၂၀၁၁ ခုနှစ် မေလ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့ကျရေး အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ"** ဖွင့်ပွဲတွင် နိုင်ငံတော်သမ္မတက **"အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်တယ်။ ဆင်းရဲနွမ်းပါးမှုဆိုရာမှာ အစားအစာဖူလုံမှုမရှိခြင်း၊ နေထိုင်စရာ လုံခြုံမှုမရှိခြင်း၊ မကျန်းမမာဖြစ်နေပါလျက် ဆေးဝါးကုသမှုမခံယူနိုင်ခြင်း၊ ကျောင်းထားချိန်တန်ပါလျက် သားသမီးများကို ကျောင်းမထားနိုင်ခြင်းတို့ကြောင့် အနာဂတ်အရေးတွေးပြီး ကြောက်ရွံ့ထိတ်လန့်နေ ခြင်းတို့ဖြစ်ပါတယ်။ အဲ့ဒီလိုဆင်းရဲတွင်းနက်မှုကို လျော့ပါးစေရေးအတွက် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းဟာ လက်နက်ကောင်းတစ်ခုဖြစ်တယ်"** လို့ မိန့်ကြားထားတာ စာဖတ်သူများ သိရှိကြပြီး ဖြစ်ပါလိမ့်မယ်။

အဲဒီ့ အလုပ်ရုံဆွေးနွေးပွဲက ဆွေးနွေးချက်တွေအပေါ် အခြေခံပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်ရေး၊ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစတဲ့ လုပ်ငန်း (၈)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့ နိုင်ငံတော်သမ္မတဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီ"** ကို ဇွန်လ ၁၀ရက်နေ့က ဖွဲ့စည်းခဲ့ပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဗဟိုကော်မတီက ချမှတ်ထားတဲ့ လုပ်ငန်းစဉ် (၈)ရပ်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် လုပ်ငန်းကော်မတီများနဲ့ ပေါင်းစပ်ကူညီဖြည့်ဆည်းပေးနိုင်ဖို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ **"ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းကော်မတီ"** ကို ဆက်လက် ဖွဲ့စည်းပေးခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းစဉ် (၈)ရပ်မှာ တစ်ခုအပါအဝင်ဖြစ်တဲ့ **"အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ"** ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ ဇူလိုင်လ ၇ရက်နေ့မှာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ အဲဒီအထောက်အကူပြု ကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ယူပြီး လုပ်ငန်းစဉ် (Action Plan)များ ချမှတ်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်ဖို့ရာ လက်ရှိအခြေအနေမှာ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေ ရေးဆွဲပြဋ္ဌာန်းဖို့လိုအပ်သလို ဒီဥပဒေ၊ စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲမယ့် အဖွဲ့အစည်းတစ်ရပ်ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်သွားဖို့ လိုအပ်လျက်ရှိပါတယ်။

အဲဒီ့လိုအပ်ချက်အပေါ် မူတည်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းပေးလိုက်တဲ့ ဒီအထောက်အကူပြုကော်မတီဟာ အသေးစား ပုဂ္ဂလိကငွေစုငွေချေး လုပ်ငန်းများအပါအဝင် အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေကို ကြီးကြပ်ကွပ်ကဲအထောက်အကူပြုသွားဖို့ တရားဝင်ဖွဲ့စည်းပေးလိုက်တဲ့ အဖွဲ့အစည်းပဲဖြစ်ပါတယ်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းတွေကို စနစ်တကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်လျက်ရှိတဲ့ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပြဋ္ဌာန်းနိုင်ဖို့အတွက် ကျွမ်းကျင်သူပညာရှင်များ၊ ဥပဒေပညာရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကို လက်တွေ့လုပ်ကိုင်လျက်ရှိကြတဲ့ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကို ပဉ္စမမူကြမ်းအထိ ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့ကြောင့် မကြာတော့မယ့်ကာလမှာ အသေးစားငွေရေး ကြေးရေးလုပ်ငန်းဥပဒေ ပေါ်ထွန်းလာတော့မှာ ဖြစ်ပါတယ်။

အဆိုပါ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေကို လွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ခြင်း မရှိသေးမီ အဆိုပါ အထောက်အကူပြုကော်မတီအနေနဲ့ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေနဲ့ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ စီစဉ်ထားကြောင်းလည်း သိရှိရပါတယ်။

နိုင်ငံတော်အပိုင်းက အသေးစားငွေကြေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေအကာအကွယ်ပေးနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင်လာရန် လိုအပ်ပါတယ်။ အထူးသဖြင့် မိမိပိုင်ငွေကြေးကို ဘဏ်များသို့အပ်နှံပြီး ဘဏ်တိုးဖြင့် ရပ်တည်နေမည့်အစား၊ မိမိအိမ်မှာ သိမ်းထားမည့်အစား၊ အခြား အိမ်ရာ၊ မြေ၊ ကား ဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံလည်ပတ်နေမည့်အစား အခက်အခဲရှိသော ပြည်သူလည်းအကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိ၊ ငွေချေးပေးမည့် ကာယကံရှင်အတွက်လည်း အကျိုးအမြတ် အထိုက်အလျောက် သေချာသည့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၌ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မြှုပ်နှံဆောင်ရွက်သင့်ကြပါတယ်။ ယခင်ကာလများက အခြေခံလူတန်းစားများကို အပေါင်ပစ္စည်းမပါဘဲ ငွေကြေးဝန်ဆောင်မှုပေးရန် ခက်ခဲခဲ့သည်မှန်သော်လည်း ယခုအခါတွင် သက်ဆိုင်ရာဥပဒေများက အာမခံချက်ပေး၊ အကာအကွယ်ပေးထားပြီ ဖြစ်သည့်အတွက် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံသင့်သော အတ္တ၊ ပရ မျှတသည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြီ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် အစိုးရအဖွဲ့သစ်အနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်း တာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက်ရှိရာ ကောင်းမွန်တဲ့အုပ်ချုပ်မှုစနစ် အရှိန်အဟုန်ရလာတာနဲ့အမျှ ထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်ဖြစ်တဲ့ ၂၀၁၅ခုနှစ် မတိုင်မီ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးဟာလည်း ပိုမိုရုပ်လုံးပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

ဒါ့ကြောင့် မကြာတဲ့ကာလမှာ အခြေခံလူတန်းစားများလိုအပ်တဲ့ ငွေကြေးအရင်းအနှီးများရရှိမယ့် အသေးစား ငွေကြေးဝန်ဆောင်မှု အခွင့်အရေးများ ခံစားကြရတော့မှာဖြစ်ပါတယ်။ "ရေမြင့်မှ ကြာတင့်တယ်" ဆိုသလို အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြန့်ပွားအောင်မြင်လာတာနဲ့အမျှ တိုင်းပြည်ရဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ တောင်သူလယ်သမား၊ အလုပ်သမားများရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားလာပြီး တိုင်းပြည်ရဲ့ ဂုဏ်သိက္ခာလည်း မြင့်တက်လာမှာ မလွဲဧကန်ဖြစ်ပါတယ်။ ။

နိုင်ငံတော်အပိုင်းက အသေးစားငွေကြေးဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ဥပဒေအကာအကွယ်ပေးနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်နေပြီဖြစ်ရာ ပြည်သူများအနေဖြင့်လည်း အားတက်သရော ပူးပေါင်းပါဝင်လာရန် လိုအပ်ပါတယ်။ အထူးသဖြင့် မိမိပိုင်ငွေကြေးကို ဘဏ်များသို့ အပ်နှံပြီး ဘဏ်တိုးဖြင့် ရပ်တည်နေမည့်အစား၊ မိမိအိမ်မှာ သိမ်းထားမည့်အစား၊ အခြား အိမ်ရာ၊ မြေ၊ ကား ဈေးကွက်များ၌ ရင်းနှီးမြှုပ်နှံလည်ပတ်နေမည့်အစား အခက်အခဲရှိသော ပြည်သူလည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိ၊ ငွေချေးပေးမည့် ကာယကံရှင်အတွက်လည်း အကျိုးအမြတ် အထိုက်အလျောက် သေချာသည့် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၌ တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မြှုပ်နှံဆောင်ရွက်သင့်ကြပါတယ်။ ယခင်ကာလများက အခြေခံလူတန်းစားများကို အပေါင်ပစ္စည်းမပါဘဲ ငွေကြေး ဝန်ဆောင်မှုပေးရန် ခက်ခဲခဲ့သည် မှန်သော်လည်း ယခုအခါတွင် သက်ဆိုင်ရာဥပဒေများက အာမခံချက်ပေး၊ အကာအကွယ်ပေးထားပြီ ဖြစ်သည့်အတွက် အသေးစား ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများသည် ရင်းနှီး မြှုပ်နှံသင့်သော အတ္တ၊ ပရမျှတသည့် လုပ်ငန်းတစ်ရပ်အဖြစ် ပေါ်ထွက်လာပြီ ဖြစ်ပါတယ်။

စစ်တွေတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်

နေပြည်တော် ဇူလိုင် ၁၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ် စစ်တွေတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် စစ်တွေတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ တင်မင်းထွန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကျင်းပမည်

ယင်းနောက် အမျိုးသားပွဲစဉ်နှင့် အမျိုးသမီးပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဇူလိုင် ၈ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်း ကျင်းဝင်

ဗန်းမော် ဇူလိုင် ၁၀

ဗန်းမော်မြို့နယ် ဗလမင်းထင်ဂေါက်ကွင်း၌ ဇွန် ၁၂ ရက်က ဦးကျော်မင်းခိုင် (ရောဝတီခင်ကုမ္ပဏီ)၊ ဦးအောင်ကြည်စိုး (အငြိမ်းစား)၊ ဦးတင်မြင့် (သစ်ထုတ်ရေး)၊ ဦးဇော်မျိုးဦး (ဘယ်ကြီး)တို့ ကွင်းပတ်ကစားရာ အကွာအဝေး ကိုက် ၁၄၀ ရှိ ကျင်းအမှတ် (၁၁) တွင် ဦးကျော်မင်းခိုင် (ရောဝတီခင်ကုမ္ပဏီ)က Titleist Ap-1 Iron -7 တုတ်ဖြင့် Titleist Pro V-1 ဘောလုံးကိုရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**



မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ဘုတ်ပြင်း ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီက ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ နဝရတ်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်တင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှသန်းက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိကောင်းစရာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးထွန်းမြတ်က ဥပဒေဆိုင်ရာသိကောင်းစရာများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဇော်မြင့်နိုင်က ကျန်းမာရေးသိကောင်းစရာများ၊ မူးယစ်ဆန့်ကျင်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အုန်းကအသင်းဖွဲ့စည်းရခြင်းရည်ရွယ်ချက်၊ မြို့နယ်ပညာရေးမှူးဘုတ်ပြင်းအထက ကျောင်းအုပ်ဆရာကြီးက မူးယစ်ဆေးသုံးစွဲမှုအန္တရာယ်နှင့် ဆောင်ရန်၊ ရှောင်ရန် သိကောင်းစရာများကို ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆုချီးမြှင့်

အဆိုပါ ဟောပြောပွဲအပြီးတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်လိုက် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ပန်းချီ၊ ကာတွန်းပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး စစ်တွေ၌ သင်တန်းဖွင့်

စစ်တွေ ဇူလိုင် ၁၀

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အကူအညီဖြင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကဖွင့်လှစ်သည့် တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှု စူးစမ်းလေ့လာခြင်းနှင့် ထိန်းချုပ်ရေးဆိုင်ရာသင်တန်း ဖွင့်ပွဲကို စစ်တွေမြို့ရှိ ရခိုင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ် ဦးစီးဌာနမှူးရုံး၌ ဇွန် ၁၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သုတေသနနှင့် ရောဂါထိန်းချုပ်ရေး ဌာနခွဲမှ သုတေသနအရာရှိ ဒေါက်တာ ကျော်နိုင်ဦးနှင့် အဖွဲ့က သင်တန်းပို့ချ ခဲ့ရာ သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်းနှင့် စစ်တွေခရိုင်နှင့် မောင်တော ခရိုင်တို့မှ သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(အောက်ပုံ) (ပြည်နယ် မွေး/ကု)

ကောလင်းမြို့နယ်၌ လမ်းဘေးကပ်တုံးများ ဆေးသုတ်မွမ်းမံ

ကောလင်း ဇူလိုင် ၁၀

ကောလင်းမြို့ရှိ လမ်းမကြီးဘေးနှင့် လမ်းသွယ်များရှိ ကပ်တုံးများဆေးသုတ်မွမ်းမံနေခြင်းကို ဇွန် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သင့်ကြောင့် ယာဉ်တိုက်မှု မဖြစ်ပါစေနှင့်

ရပ်စောက်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရပ်စောက် ဇူလိုင် ၁၀

ရပ်စောက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ပညာရည်ချွန်ဆုပေးပွဲကို အဖွဲ့အစည်းအဝေးခန်းမ၌ ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးသက်အောင်(ငြိမ်း)က အမှာစကား ပြောကြားပြီး အသက် ၇၅နှစ်ပြည့်ပြီး အငြိမ်းစား ၁၈ ဦးနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုငွေပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

စီးပွားရေးတက္ကသိုလ်ဘွဲ့ရများ စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ၁၉၇၈ ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အမှုဆောင်အဖွဲ့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် ကာယအလှမယ်ပြိုင်ပွဲ၊ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုနှင့် ဆံကေသာအလှပြသပွဲကို ဇွန် ၂၅ ရက်က မြဝတီမြို့နယ် သောင်ရင်းခန်းမ၌ကျင်းပရာ ကာယအလှမယ်ပြိုင်ပွဲတွင် ပထမဆုရရှိသူ မလဲ့ရီဝင်းအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင် ဆုချီးမြှင့်စဉ်။ (၀၈၀)

မြဝတီရုပ်မြင်သံကြား

၁၁-၇-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	မေ့ပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၃း၂၀	၁။	မြဝတီအဖွင့်
၃း၂၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၃း၂၂	၃။	နိုင်ငံတော်သီချင်း
၃း၃၀	၄။	2011 FIFA WOMEN'S WORLD CUP (GERMANY) Brazil Vs United States (Delay)
၅း၃၀	၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၁၇)
၆း၀၀	၆။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၇။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၈။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်းနေမင်းကြယ်တစ်စင်း** (အပိုင်း -၂၈)
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၁။	အမျိုးသားရေးတေးကဗျာ
	၁၂။	ဒို့တာဝန်အရေးသုံးပါး
	၁၃။	နိုင်ငံတကာသတင်း
	၁၄။	မိုးလေဝသသတင်း
	၁၅။	Talk of the Town
	၁၆။	မေးမြန်းစူးစမ်း
	၁၇။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်တို့တည်ရာ** (အပိုင်း -၃၃)
	၂၀။	**Mini Series**

မူလတန်းအဆင့် ပုံပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ စာပေဖတ်ရှုသည့်အလေ့အထ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မူလတန်းအဆင့်ပုံပြောပြိုင်ပွဲကို ဇွန် ၁၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်မာမာဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ ကျောင်းသား ကျောင်းသူ ရှစ်ဦးက ဗဟုသုတပေးစွမ်းနိုင်သော ပုံပြင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ **(အပေါ်ပုံ)** မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဟံ(ညွန့်ဟံ-ကြူတော)၊ ဦးမြဟန်(ရေကူးမြတ်လေးနောင်)နှင့် ဦးရဲမြင့်(လက်ထောက်ပညာရေးမှူး)တို့က အကဲဖြတ်အမှတ်ပေးကြသည်။

ဆက်လက်၍ ပထမဆုရ မရွှန်းလဲ့ရည် အမက(၉)၊ ဒုတိယဆုရ မချမ်းမြတ်ဝင့် အမက(၁၆)နှင့် မကေချိုဇင် အမက(၁)၊ တတိယဆုရ မပိုးအိဇော် အမက(၁၁)နှင့် အထူးဆုလေးဆုကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြံခင်းမြို့နယ် အင်တိုင်းကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မီမီခိုင်နှင့်ဝန်ထမ်းများ ဇွန် ၁၀ ရက်က ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမင်းဇော် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ယင်းမာပင်၌ ငွေပဒေသာပင်စိုက်ထူ

ယင်းမာပင် ဇူလိုင် ၁၀

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွာသာယာကျေးရွာ ရိုးမတိမ်တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ပထမအကြိမ် ကျောင်းငွေပဒေသာပင်စိုက်ထူပွဲကို ဇွန် ၁၄ ရက် နံနက်က အဆိုပါ ကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အလှူရှင် ဦးမောင်ထွန်း-ဒေါ်ခင်မာမိသားစုက အလှူငွေကျပ် ငါးသိန်းနှင့် ဦးဇော်တင်ဝင်း-ဒေါ်ခင်ထွေးရီမိသားစုတို့က အလှူငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးဌေးညွန့်က လက်ခံယူခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းနှင့် လမ်းပေါ်ရှိတံတားများ ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်း (ရန်ကုန်-နေပြည်တော်လမ်းပိုင်း)ကို ကြည့်ရှုစစ်ဆေးပြီး မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်းပေါ်ရှိ မြို့ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားတည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၅)မှ စီမံကိန်းအင်ဂျင်နီယာက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ကျွန်းကုန်းလမ်း တာဝန်ခံအင်ဂျင်နီယာက လမ်းဆောင်ရွက်ပြီးစီးမှု၊ လမ်းပေါ်ရှိ တံတားများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက လမ်းလုပ်ငန်းများအား ဆောင်ရွက်ရာတွင် မိုးတွင်းကာလ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရန်အတွက် ကျောက်ခင်းလုပ်ငန်းများအပြီးဆောင်ရွက်ရန်နှင့် လမ်းပေါ်ရှိ ဇာမရီတံတားနှင့် သပြုချောင်းတံတားတို့ကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သံတွဲ၌ ပညာပေးဟောပြော

သံတွဲ ဇူလိုင် ၁၀

သံတွဲခရိုင် ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနနှင့် သံတွဲမြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ ၁ နာရီက သံတွဲမြို့ ဒွါရာဝတီမြို့နယ်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ပညာပေးဟောပြော

အခမ်းအနားတွင် သံတွဲခရိုင် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဖြူက ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို ဟောပြောပို့ချပြီး သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေ၊ သံတွဲမြို့မရဲစခန်းမှူး ရဲအုပ်အေးမင်း၊ သံတွဲမြို့နယ်မထသ ဥက္ကဋ္ဌ ဦးထွန်းသန့်ကျော်နှင့် သံတွဲမြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ကြပ်တင်အေးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အာဟာရ ကျွေးမွေး

သဃ်န်းကျွန်းမြို့နယ် အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်း၏ ကျောင်းတွင်း အာဟာရကျွေးမွေးပွဲကို ဇူလိုင် ၇ ရက်က ကျင်းပရာ သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား ကျောင်းသူများကို အုန်းနို့ဆန်ပြုတ် အာဟာရများ ကျွေးမွေးစဉ်။ (ပညာရေး)

ဇွန် ၁၄ ရက်က ကျင်းပသော မြောင်းမြမြို့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ၌ ဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဆရာဦးမောင်တူး ဆုချီးမြှင့် ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်းသင်တန်း ဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်းအသစ်ကို ဇူလိုင်လ တတိယပတ်အတွင်း မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအဖွဲ့၏ အသိအမှတ်ပြု Star Resources Hospitality & Tourism Management Academy တွင် ဖွင့်လှစ်မည်ဖြစ်ရာ သင်တန်းကာလအတွင်း Sandwich၊ Pizza၊ Burger ၊ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ Danish Puff Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette ၊ Onion Bread၊ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake ၊ Chocolate Cake ၊ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies Doughnut၊ Sweet Dough Eclair စသည်တို့အပြင် အခြားမုန့်အမျိုးအစားပေါင်း ၆၀ ကျော် ပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety ၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည် ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality & Tourism Management Academy တိုက် ၂၆၇၊ အခန်း (၃၀၂)၊ ပြည်လမ်း၊ မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း- ၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တအာင်း (ပလောင်) မိသားစု စုပေါင်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၀

ရန်ကုန်ရောက် တအာင်း (ပလောင်)မိသားစုများ စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီတွင် စမ်းချောင်းမြို့နယ် မူလဉယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့နေ တအာင်း (ပလောင်) မိသားစုဝင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုအောင်မြင်သူများအား ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပြီး ဖုန်း-၅၀၀၇၉၄ သို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေး ကာကွယ်ရေးအတွက် ရေမြောင်းများမှ အမှိုက်များဆယ်ယူခြင်း၊ လမ်းဘေး ချုံနွယ်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံမြ ဦးဆောင်၍ ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကြည့်မြင်တိုင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၀

ကြည့်မြင်တိုင်မြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ ရက်က အလတ်ချောင်းကျေးရွာ ဖွံ့ဖြိုးရေးလမ်းမကြီး ဘေးဝဲယာတစ်လျှောက်၌ ကျင်းပရာ သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်းနိုင်က မြို့နယ်အတွင်း သစ်ပင်စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသွေး**(အပေါ်ပုံ)**၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမြင့်အောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စုစုစံတို့က တက်ရောက်လာသူများအား စိုက်ပျိုးရန် ပျိုးပင်များ ပေးအပ်သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင် ၁၉၅၀ နှင့် အေးရွာ၊ ဘလုတ်ညွှန့်၊ စက်ကလေး၊ ဆိပ်ကြီးဦးမြငါးစင်နှင့် ဝါးရုံဆိပ်ကျေးရွာ အနောက်တို့တွင် ပျိုးပင်ပေါင်း ၅၉၅၀ စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(၀၄၂)**

စားသောက်ကုန်ရောင်းချမှု နောင်ချို၌ စစ်ဆေး

နောင်ချို ဇူလိုင် ၁၀

နောင်ချိုမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များနှင့် စားသောက်ဆိုင်များတွင် သက်တမ်းလွန်အစားအသောက်များ ရောင်းချခြင်းရှိမရှိကို ဇွန် ၂၅ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပူးပေါင်းပါဝင်သောအဖွဲ့ ကွင်းဆင်းစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါ အဖွဲ့သည် ဈေးများအတွင်းဖွင့်လှစ်ထားသော ဝက်သားသတ်ရုံများနှင့် အသားအရောင်းဆိုင်များတွင် ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုရှိ မရှိ၊ ရောဂါဖြစ်ပွားသော အသားများရောင်းချမှုရှိ မရှိကို စစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။**(မြို့နယ်စည်ပင်)**

ကဝမြို့နယ် အမှတ်(၆)ရပ်ကွက်၌ နှစ်လက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုကို ဇွန် ၂ ရက်က ပဲခူးခရိုင် အုပ်ချုပ်ရေးမှူး ဦးဝေဇင်ထွန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်နှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

စည်းကမ်းမဲ့ဈေးသည်များ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ထားမလုံဈေးလမ်းပေါ်တွင် စည်းကမ်းမဲ့ရောင်းချနေသော ဈေးသည်များနှင့် ဆိုင်ကယ်ကယ်ရီများကြောင့် လမ်းပိတ်ဆို့ကာ လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်နှင့်ကြုံတွေ့နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းလိုသူ

အနံ့ဆိုးများ ပတ်ဝန်းကျင် မခံနိုင်

စာတည်းခင်ဗျား-

သာကေတမြို့နယ် (၈)ရပ်ကွက် နဝရတ်လမ်းရှိ အိမ်များရှေ့ လမ်းမပေါ်၌ တရားမဝင်ဆိုင်ခန်းများဆောက်၍ စည်းကမ်းမဲ့ရောင်းချနေသည့် ဈေးသည်များ၏ စွန့်ပစ်အညစ်အကြေးအနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါသဖြင့် အဆိုပါ ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

သီတာလမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီး စံပြရပ်ကွက်ရှိ သီတာလမ်းသည် ချိုင့်ခွက်များဖြစ်ပြီး ပျက်စီးနေသည်မှာ ကြာမြင့်နေပြီဖြစ်ပါ သဖြင့် မိုးတွင်းကာလ ပြည်သူများသွားလာရာတွင် အခက်အခဲဖြစ်ရပါသော ကြောင့် သက်ဆိုင်ရာမှလိုအပ်သလို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

သီတာလမ်းသား

ဆိပ်ခံတံတားပေါ်မှဈေးသည်များ ဖယ်ရှားပြီးဖြစ်

၂၈-၅-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **စစ်တွေမြို့ မြို့မဈေးကြီးအတွင်းရှိ သား၊ ငါးဈေးတန်းထိပ် ဆိပ်ခံတံတားပေါ်၌ ဈေးရောင်းချနေခြင်းကြောင့် လှေသမ္ဗန်များကုန်အတင်အချနှင့် ခရီးသည်များသွားလာရာတွင် အခက်အခဲဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ အဆိုပါ ဈေးသည်များအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ဆက်လက်ကျင်းပ

ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူ

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ပြည်တွင်း ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်လာရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် အထူးရောင်းချပွဲ၌ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်ပေး၍ ဝယ်ယူနေမှုနှင့် တာဝန်ရှိသူများက ရတနာကုန်သည်များအား လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက် ၈ နာရီမှစ၍ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသော ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာမှတ်သားကြပြီး ဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက လိုက်လံကြိုးကြပ် *စာမျက်နှာ ၃ ကော်လံ ၁* ✻

မှတ်သားဖွယ်ရာ မိုးရေချိန်များ
၁၀-၇-၂၀၁၁

မြိတ်မြို့	၄ ဒသမ ၉၆ လက်မ	လောင်းလုံမြို့	၃ ဒသမ ၅၀ လက်မ	ကော့သောင်းမြို့	၃ ဒသမ ၁၅ လက်မ
ကျိုက်မရောမြို့	၃ ဒသမ ၇၄ လက်မ	မော်လမြိုင်မြို့	၃ ဒသမ ၃၄ လက်မ		
ဘားအံမြို့	၃ ဒသမ ၅၄ လက်မ	ရေးမြို့	၃ ဒသမ ၁၅ လက်မ	ချောင်းဆုံမြို့	၂ ဒသမ ၈၃ လက်မ